# Instant Cash Fixed Deposit Account

# နှင့်ပတ်သက်၍ မေးလေ့မေးထရှိသည့်မေးခွန်းများ

မေး- ၁။ '**Instant Cash FD Account**' ဆိုသည်မှာ အဘယ်နည်း။

ဖြေ '**Instant Cash FD Account**' ဆိုသည်မှာ Customer များ သာမန်စာရင်းသေအပ်ငွေစာရင်းထက် ပိုမိုမြင့်မားသော အတိုးကို စာရင်းစတင်ဖွင့်လှစ်သည့်နေ့တွင်ပင် ထုတ်ယူနိုင်သည့် စာရင်းအမျိုးအစားဖြစ်ပါသည်။

မေး-၂။ '**Instant Cash FD Account**' ကို မည်သူတို့ဖွင့်လှစ်နိုင်ပါသနည်း။

ဖြေ အောက်ဖော်ပြပါအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအနေဖြင့် '**Instant Cash FD Accounts**' များကို ဖွင့်လှစ်နိုင်ပါသည် -

- အသက်(၁၈)နှစ်ပြည့်ပြီးသူမြန်မာနိုင်ငံသားလူပုဂ္ဂိုလ်များက (တစ်ဦးချင်းဖြစ်စေ၊ ပူးတွဲ၍ ဖြစ်စေ)
- စီးပွားရေးလုပ်ငန်းများ (DICA) နှင့် အဖွဲ့အစည်း၊ အသင်းဖွဲ့များ (NGO၊ INGO၊ တက္ကသိုလ်များ စသည်)
- စီးပွားရေးလုပ်ငန်းများ (Non-DICA)

မေး-၃။ ပြည်တွင်းတွင်အခြေစိုက်နေထိုင်သည့် နိုင်ငံခြားသားများအနေဖြင့် ဤ "Instant Cash FD Account" ကို ဖွင့်လှစ်နိုင် ပါသလား။

ဖြေ ပုံမှန်စာရင်းသေအပ်ငွေစာရင်းကဲ့သို့ပင် မည်သည့်နိုင်ငံခြားသားကိုမဆို "Instant Cash FD Account" အား စာရင်းဖွင့်လှစ် ခွင့်မပြုပါ။

မေး-၄။ Customer တစ်ဦးအနေဖြင့် '**Instant Cash FD Account**' အား အဘယ်ကြောင့် ဖွင့်လှစ်သင့်ပါသနည်း။ Customer အတွက် မည်သို့သော အထူးအကျိုးကျေးဇူးများ ရရှိနိုင်မည်နည်း။

ဖြေ '**Instant Cash FD Account**' ဖွင့်လှစ်ထားသူ Customer များအတွက် အဓိကကျသည့် အကျိုးကျေးဇူးမှာ ရက်ပေါင်း (၁၈၀) အတွက် ပို၍မြင့်မားသည့်အတိုးနှုန်းဖြစ်သည့် တစ်နှစ်လျှင် (၈.၇၅%) အတိုးကိုရရှိခြင်းနှင့် ၎င်းအတိုးကို စာရင်းစတင်ဖွင့်လှစ်သည့်နေ့တွင် ကြိုတင်ထုတ်ယူနိုင်ခြင်းတို့ ဖြစ်ပါသည်။ ထို့အပြင် စာရင်းဖွင့်လှစ်ရာတွင်လည်း ငွေသားနှင့်ပေးသွင်းရန်မလိုဘဲ **ပုံမှန်အပ်ငွေစာရင်းများမှ** ဖြစ်စေ၊ CASH ACCOUNT များမှ ဖြစ်စေ၊ CBM Net/ Inward Cheque Clearing မှတဆင့် ဖြစ်စေ စာရင်းလွှဲပြောင်းနည်းဖြင့် ဖွင့်လှစ်နိုင်ခြင်းတို့ ဖြစ်ပါသည်။

မေး-၅။ '**Instant Cash FD Account**' ဖွင့်လှစ်ရန်အတွက် ကနဦးအပ်နှံငွေ မည်မျှ သတ်မှတ်ထားပါသနည်း။

ဖြေ '**Instant Cash FD Account**' ဖွင့်လှစ်ရန်အတွက် ကနဦးအပ်နှံငွေကို မြန်မာကျပ် ၁,၀၀၀,၀၀၀ တိတိ သတ်မှတ်ထားပါသည်။

မေး-၆။ Customer အနေဖြင့် နိုင်ငံခြားသုံးငွေဖြင့် '**Instant Cash FD Account**' ကို ဖွင့်လှစ်နိုင်ပါသလား။

ဖြေ မဖွင့်လှစ်နိုင်ပါ။ '**Instant Cash FD Account**' အသစ်ဖွင့်လှစ်ရန်အတွက် မည်သည့် နိုင်ငံခြားသုံးငွေကိုမျှ ခွင့်ပြု ထားခြင်းမရှိပါ။

မေး-၇။ Customer တစ်ဦးအနေဖြင့် '**Instant Cash FD Account**' မည်မျှဖွင့်လှစ်နိုင်ပါသနည်း။

ဖြေ Customer တစ်ဦးအနေဖြင့် '**Instant Cash FD Account**' ကို အရေအတွက်အကန့်အသတ်မရှိ ဖွင့်လှစ်နိုင်ပါသည်။

မေး-၈။ Customer များအနေဖြင့် ဤ '**Instant Cash FD Account**' များကို မည်သည့်နေရာများတွင် ဖွင့်လှစ်နိုင်ပါသနည်း။

ဖြေ Customer များအနေဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိ ကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲတိုင်းတွင် '**Instant Cash FD Account**' ကိုဖွင့်လှစ်နိုင်ပါသည်။

မေး-၉။ ဖွင့်လှစ်ထားပြီးဖြစ်သည့် '**Instant Cash FD Account**' အတွင်းသို့ Customer အနေဖြင့် ငွေထပ်မံထည့်သွင်းအပ်နှံနိုင်ပါသလား။

ဖြေ ငွေထပ်မံမထည့်သွင်းနိုင်ပါ။ ပုံမှန်စာရင်းသေအပ်ငွေစာရင်းကဲ့သို့ပင် မည်သည့်ငွေကြေးကိုမျှ ဖွင့်ထားပြီး ဖြစ်သည့် '**Instant Cash FD Account**' သို့ ငွေထပ်မံမထည့်သွင်းနိုင်ပါ။ Customer အနေဖြင့် စာရင်းသေအပ်ငွေကို ထပ်မံအပ်နှံလိုပါက '**Instant Cash FD Account**' နောက်တစ်ခုကို ဖွင့်လှစ်အသုံးပြုရမည်ဖြစ်ပါသည်။

မေး-၁၀။ '**Instant Cash FD Account**' များသက်တမ်းစေ့ရောက်ချိန်တွင် အရင်း (Principal) ကို မည်သို့ထုတ်ယူနိုင်မည်နည်း။

ဖြေ ပုံမှန်အပ်ငွေစာရင်းများမှ စာရင်းလွှဲပြောင်းခြင်းနည်းဖြင့် ဖွင့်လှစ်ထားသည့် 'Instant Cash FD Accounts' များ သက်တမ်းစေ့ရောက်ချိန်တွင် အရင်း (Principal) ကို Customer ၏ ပုံမှန်အပ်ငွေစာရင်းသို့ လွှဲပြောင်းခြင်းနည်းဖြင့်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

CASH ACCOUNT များမှ စာရင်းလွှဲပြောင်းခြင်းနည်းဖြင့် ဖွင့်လှစ်ထားသည့် 'Instant Cash FD Accounts' များ သက်တမ်းစေ့ရောက်ချိန်တွင် အရင်း (Principal) ကို Customer ၏ CASH ACCOUNT သို့ လွှဲပြောင်းခြင်းနည်းဖြင့်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

မေး-၁၁။ Customer အနေဖြင့် ဤ '**Instant Cash FD Account**' မှ သက်တမ်းမပြည့်မီ ငွေသားထုတ်ယူခြင်း (သို့မဟုတ်) စာရင်းပြောင်းနည်းဖြင့် ငွေထုတ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်ပါသလား။

ဖြေ မဆောင်ရွက်နိုင်ပါ။ ဤ '**Instant Cash FD Account**' မှ သက်တမ်းမပြည့်မီ ငွေသားထုတ်ယူခြင်း (သို့မဟုတ်) စာရင်းပြောင်းနည်းဖြင့် ငွေထုတ်ယူခြင်းတို့ကိုမည်သည့်အကြောင်းနှင့်မျှ ခွင့်မပြုပါ။

မေး-၁၂။ Customer အနေဖြင့် i/mBanking မှတဆင့် ဤ '**Instant Cash FD Account**' ၏ ငွေစာရင်း အချက်အလက်များကို ကြည့်ရှုစစ်ဆေး၍ ရနိုင်ပါသလား။

ဖြေ ပုံမှန်စာရင်းသေအပ်ငွေစာရင်းများကဲ့သို့ပင် Customer အနေဖြင့် i/mBanking မှတဆင့် ဤ '**Instant Cash FD Account**' ၏ ငွေစာရင်းအချက်အလက်များဖြစ်သော ငွေပမာဏနှင့် သက်တမ်းစေ့ရောက်မည့်နေ့ကို ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မေး-၁၃။ Customer များအနေဖြင့် **'Instant Cash FD Accounts'** အား Rollover ပြုလုပ်နိုင်ပါသလား?

ဖြေ **'Instant Cash FD Accounts'** အား Principal အား Rollover ပြုလုပ်နိုင်ပါသည်။

မေး-၁၄။ **'Instant Cash FD Account'** ဖွင့်ရန်လိုအပ်သည့် မည်သည့်စာရွက်စာတမ်း အထောက်အထားများ တင်ပြရန် လိုအပ်ပါသနည်း။

ဖြေ **'Instant Cash FD Account'** အသစ်ဖွင့်လှစ်ရာတွင် Account Opening Form မှလွဲ၍ ကျန်လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများသည် ပုံမှန်စာရင်းသေအပ်ငွေဖွင့်လှစ်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ အပြောင်းအလဲမရှိပါ။

မေး-၁၅။ **'Instant Cash FD Account'** အသစ်ဖွင့်လှစ်ရန်အတွက် customer အနေဖြင့် ဝန်ဆောင်ခ ပေးရန်လိုအပ်ပါသလား။

ဖြေ မလိုပါ။ စာရင်းဖွင့်ရန်အတွက် မည်သည့်ဝန်ဆောင်ခမျှပေးရန်မလိုပါ။

မေး-၁၆။ **'Instant Cash FD Account'** ၏ အတိုးနှုန်းကို မည်သို့ထုတ်ယူနိုင်ပါသနည်း။

ဖြေ **'Instant Cash FD Account'** ၏ အတိုးနှုန်းကို ထုတ်ယူရန်အတွက် CASH ACCOUNT တစ်ခု ဖွင့်လှစ်ရန် လိုအပ်ပါသည်။ အတိုးငွေအား စာရင်းဖွင့်လှစ်သည့်နေ့တွင်ပင် CASH ACCOUNT သို့ ထည့်သွင်းပေးမည်ဖြစ်ပြီး Customer အနေဖြင့် ၎င်းအတိုးငွေကို ငွေသားဖြင့် လွယ်ကူစွာထုတ်ယူနိုင်ပါသည်။

မေး-၁၇။ **'Instant Cash FD Account'** ၏ အတိုးဝင်သည့် CASH ACCOUNT စာရင်းသည် စာရင်းပိုင်ရှင်တူရန် လိုအပ်ပါသလား။

ဖြေ တစ်ဦးချင်းစာရင်းအတွက် စာရင်းပိုင်ရှင်၏ CIF တူရန်လိုအပ်ပါသည်။ တွဲဖက်စာရင်းဖြစ်ပါက Primary Account Holder ၏ CIF သည် အတိုးထည့်သွင်းရန် ဖွင့်လှစ်ထားသော စာရင်းပိုင်ရှင်၏ CIF နှင့် တူညီရန် လိုအပ်ပါသည်။

မေး-၁၈။ **'Instant Cash FD Accounts'** သက်တမ်းမစေ့ရောက်မီ စာရင်းပိုင်ရှင်သေဆုံးလျှင် မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ DWVC သို့ အထူးကိစ္စရပ်တစ်ခုအနေဖြင့် တင်ပြရပါမည်။

မေး-၁၉။ Cash Account သို့ ဝင်လာသည့် **'Instant Cash FD Accounts'** ၏ အတိုးငွေ ပမာဏကို ကန့်သတ်ထားပါသလား။

ဖြေ Cash Account သို့ ဝင်လာသည့် **'Instant Cash FD Accounts'** ၏ အတိုးငွေ ပမာဏကို ကန့်သတ်ထားခြင်းမရှိပါ။

မေး-၂၀။ Bonus Saver စာရင်းမှ Instant Cash Accounts သို့ စာရင်းပြောင်းနည်းဖြင့် ဖွင့်လှစ်နိုင်ပါသလား။

ဖြေ Bonus Saver စာရင်းမှ Instant Cash Accounts သို့ စာရင်းပြောင်းနည်းဖြင့် မဖွင့်လှစ်နိုင်ပါ။

မေး-၂၁။ Auto Rollover ဖြင့် ဖွင့်ထားသည့် Instant Cash Accounts သည် သက်တမ်းပြည့်မြောက်ပြီး ဒုတိယသက်တမ်း တိုးချိန်တွင် အတိုးမည်သို့ ရရှိမည်နည်း။

ဖြေ Auto Rollover ဖြင့် ဖွင့်ထားသည့် Instant Cash Accounts သည် သက်တမ်းပြည့်မြောက်ပြီး ဒုတိယသက်တမ်းတိုးချိန်တွင် အတိုးကို ငွေစာရင်းနှင့် ချိတ်ဆက်ထားသည့် CASH ACCOUNT စာရင်းသို့ System မှ အလိုအလျောက် ထည့်သွင်း ပေးသွားမည် ဖြစ်ပါသည်။